ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်း၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ဗဟိုစာရင်းအင်းအဖွဲ့

# ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွက် မြန်မာနိုင်ငံ၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေ

Monthly

# INFLATION REPORT

Dec, 2020

အကြောင်းအရာ။ **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွက် တစ်နိုင်ငံလုံး၏ ငွေကြေးဖောင်းပွမှုနှုန်း အခြေအနေကို အစီရင်ခံတင်ပြခြင်း**

၁။ **စားသုံးသူဈေးဆနှုန်း၏ လအလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက** ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ**အတွက် စုစုပေါင်းစားသုံးသူ ဈေးဆနှုန်း (အစားအစာအုပ်စုနှင့် အစားအစာမဟုတ်သောအုပ်စု)မှာ **၁၆၂.၈၂** ဖြစ်ပြီး **ယခင်လ၏** အခြေအနေ **၁၆၃.၀၀** နှင့် နှိုင်းယှဉ်ပါက **၀.၁၁%** ကျဆင်းလာပါသည်။ ဈေးနှုန်းတည်ငြိမ်မှု မရှိသည့် အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၏ စားသုံးသူဈေးဆနှုန်း (Core CPI) မှာ ၁၄၅.၅၀** ဖြစ်ရာ **ယခင်လ၏ Core CPI** ဖြစ်သည့် **၁၄၅.၆၄** နှင့်နှိုင်းယှဉ်ပါက **၀.၀၉%** ကျဆင်းလာပါသည်။

၂။ **စားသုံးသူဈေးဆနှုန်း၏ နှစ်အလိုက်ပြောင်းလဲမှုအခြေအနေကို လေ့လာပါက ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ**၏ စားသုံးသူဈေးဆနှုန်းမှာ **၁၆၂.၈၂** ဖြစ်သဖြင့် **ယခင်နှစ် အလားတူလ၏** အခြေအနေ **၁၆၁.၂၆** နှင့်နှိုင်းယှဉ်ပါက **၀.၉၇%** မြင့်တက်လာပါသည်။ **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၏ Core CPI မှာ ၁၄၅.၅၀ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ Core CPI** အခြေအနေ **၁၄၀.၃၈** နှင့် နှိုင်းယှဉ်ပါက **၃.၆၅%** မြင့်တက်ခဲ့ပါသည်။

၃။ **၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အစားအစာအုပ်စု (Food)** ၏ ဈေးဆနှုန်းမှာ **၁၇၆.၀၂** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၇၆.၃၁** နှင့်နှိုင်းယှဉ်ပါက **၀.၁၇%** ကျဆင်းလာခဲ့ပါသည်။ ဆန် (ဧည့်မထ)၊ စားသုံးဆီ၊ ကြက်သားနှင့် ဝက်သားဈေးနှုန်းများ အသီးသီး မြင့်တက်လာခဲ့သော်လည်း အမဲသား၊ ငါးဈေးနှုန်း၊ ဥဈေးနှုန်းနှင့် ငါးရံ့ခြောက်ဈေးနှုန်းများ ကျဆင်းလာပါသည်။ စားဖိုဆောင်သုံးသီးနှံများဖြစ်သော ကုလားပဲခြမ်း၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ ရာသီပေါ်အသီးအနှံဖြစ်သော ဘူးသီး၊ ခရမ်းသီး၊ ကန်စွန်းရွက်နှင့် ချဉ်ပေါင်ရွက် ဈေးနှုန်းများမှာလည်း အနည်းငယ် မြင့်တက်လာပါသည်။ သို့သော် ခရမ်းချဉ်သီးဈေးနှုန်းမှာ သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

၄။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အစားအစာမဟုတ်သောအုပ်စု (Non Food) ၏ ဈေးဆနှုန်းမှာ **၁၄၄.၂၅** ဖြစ်သဖြင့် ယခင်လအခြေအနေ **၁၄၄.၂၆** နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်းငယ်သာ ကျဆင်းလာပါသည်။

၅။ ၂၀၂၀ **ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း** မြန်မာကျပ်ငွေနှင့် အမေရိကန်ဒေါ်လာငွေ လဲလှယ်နှုန်းများမှာ ယခင်လကထက် (၂) ကျပ်ခန့် ကျဆင်းလျက်ရှိပြီး လွန်ခဲ့သောနှစ် အလားတူကာလထက် (၂၀၃) ကျပ်ခန့် ကျဆင်းနေပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ယခင်လကထက် ကျဆင်းလာပြီး ဒီဇယ်ဆီဈေးနှုန်းမှာမူ အနည်းငယ် မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

၆။ ၂၀၂၀ **ပြည့်နှစ်၊** နိုဝင်ဘာလအတွင်း အမဲသား၊ ဥဈေးနှုန်း၊ ငါးဈေးနှုန်းများ၊ အချို့သောစားဖိုဆောင်သီးနှံများ၊ ရာသီပေါ်ဟင်းသီးဟင်းရွက်အသီးအနှံများနှင့် ရွှေဈေးနှုန်းများ ကျဆင်းလာခြင်းကြောင့် စားသုံးသူဈေးဆနှုန်းမှာ ယခင်လကထက် အနည်းငယ် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။


၇။ ၂၀၂၀ **ပြည့်နှစ်၊ နိုဝင်ဘာလအတွက် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation)** မှာ **၄.၆၀%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်း (Annual Rate of Inflation – Core Inflation)** **မှာ ၉.၆၇%** ရှိပါသည်။


၈။ ၂၀၂၀ **ပြည့်နှစ်၊ နိုဝင်ဘာလအတွက် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation)** မှာ **၀.၉၇%** ဖြစ်ပြီး အစားအစာအုပ်စုနှင့် လောင်စာဆီဈေးနှုန်းများ မပါဝင်ဘဲ တွက်ချက်ထားသော **နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း (Year on Year Inflation – Core Inflation)** မှာ **၃.၆၅%** ရှိပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။

(ထွန်းဇော်)

ညွှန်ကြားရေးမှူးချုပ်


# တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း ပုံပြကားချပ်









# တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြချက်

## (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ)


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| **အပိုင်း(က)** | |
| **၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ နှင့် နိုဝင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၁ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၁ |
| **အပိုင်း(ခ)** | |
| **၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ နှင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စားသုံးသူဈေးဆနှုန်းနှိုင်းယှဉ်ချက်** | |
| စုစုပေါင်းစားသုံးသူဈေးဆနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀) | ၄ |
| အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း | ၄ |
| **အပိုင်း(ဂ)** | |
| **စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း** | |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း | ၉ |
| ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း | ၉ |
| သုံးသပ်တင်ပြချက် | ၁၁ |
| တစ်နိုင်ငံလုံး၏အုပ်စုအလိုက်စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၁) | ၁၄ |
| တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၂) | ၁၅ |
| အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၃) | ၁၆ |
| တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၄) | ၁၇ |
| တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ် (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)၊ ဇယား(၅) | ၁၈ |

## တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းစိစစ်ချက်

## အပိုင်း(က)

**၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလနှင့် နိုဝင်ဘာလ စားသုံးသူဈေးဆန္နန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္နန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွက် စားသုံးသူဈေးဆန္နန်းမှာ ၁၆၂.၈၂ ဖြစ်ရာ ယခင်လအခြေအနေ ၁၆၃.၀၀ နှင့်နှိုင်းယှဉ်ပါက ၀.၁၁% ကျဆင်းလာပါသည်။ ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၊ အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၊ ကျန်းမာရေးအုပ်စု၊ အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စုနှင့် ပြင်ပအစားအသောက်အုပ်စုတို့မှာ မြင့်တက်လာသော်လည်း အစားအစာအုပ်စု၊ အဝတ်အထည်အုပ်စု၊ သယ်ယူပို့ဆောင်ရေးအုပ်စု၊ ဆက်သွယ်ရေးအုပ်စုနှင့် အထွေထွေကုန်ပစ္စည်းအုပ်စုတို့မှာ ယခင်လကထက် ကျဆင်းနေပါသည်။ သို့သော် အိမ်လခနှင့် အိမ်ပြင်ခအုပ်စုနှင့် ပညာရေးအုပ်စုတို့မှာ ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

**အုပ်စုအလိုက်အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆန္နန်းများကို ဇယား (၁) ဖြင့် အုပ်စုအလိုက် ဖော်ပြထားပြီး အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) အစားအစာအုပ်စု၏ ဈေးဆန္နန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၇၆.၀၂ ရှိ၍ ယခင်လအခြေအနေ ၁၇၆.၃၁ နှင့်နှိုင်းယှဉ်ပါက ၀.၁၇% ကျဆင်းလာပါသည်။ ယခုလတွင် ဆန် (ဧည့်မထ) ၀.၂၇%၊ မြေပဲဆီ ၀.၂၂%၊ နှမ်းဆီ ၁.၇၇%၊ စားအုန်းဆီ ၁.၆၉%၊ ကြက်သား ၀.၇၄%၊ ဝက်သား ၁.၀၂% နှင့် ရေချိုငါးပိ ၀.၁၂% အသီးသီး မြင့်တက်လာခဲ့သော်လည်း အမဲသား ၀.၁၃%၊ ဘဲဥ ၀.၃၀%၊ ကြက်ဥ ၀.၂၂%၊ ငါးခူ ၁.၀၁%၊ ငါးရံ့ ၁.၁၇%၊ ငါးမြစ်ချင်း ၀.၁၁% နှင့် ငါးရံ့ခြောက် ၀.၁၃% ဖြင့် ဈေးနှုန်းများ အသီးသီး ကျဆင်းလာပါသည်။ ထို့အပြင် စားဖိုဆောင်သုံးပစ္စည်းများဖြစ်သော ကုလားပဲခြမ်း ၁.၇၅%၊ ကြက်သွန်ဖြူ ၂.၁၀% နှင့် ကြက်သွန်နီဈေးနှုန်းတို့မှာ ၀.၉၀% အသီးသီး မြင့်တက်လာပြီး အာလူးဈေးနှုန်းမှာ ၄.၄၈% ကျဆင်းနေပါသည်။ ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီး ၂၄.၇၈%၊ ဂေါ်ဖီထုပ်

၅.၉၅% နှင့် ပဲတောင့်ရှည်သီး ဈေးနှုန်းများမှာ ၁.ဝ၂% ဖြင့် သိသိသာသာ ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့်အဖျော်ယမကာအုပ်စု၏ ဈေးဆနှုန်း**မှာ ၂ဝ၂ဝ ပြည့်နှစ်၊ အောက်တိုဘာလ ၌ ၁၅၇.၅၂ ရှိ၍ ယခင်လအခြေအနေ ၁၅၆.၅၇ နှင့်နှိုင်းယှဉ်ပါက ဝ.၆၁% မြင့်တက်လာပါသည်။ ဤအုပ်စုအတွင်း၌ ပါဝင်သော ကွမ်းရွက်ဈေးနှုန်းများ၊ အရက်(ပြည်တွင်း)နှင့် ဆေးရွက်ကြီးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂ဝ၂ဝ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၃ဝ.၅ဝ ရှိ၍ ယခင်လအခြေအနေ ၁၃ဝ.၅၆ နှင့်နှိုင်းယှဉ်ပါက ဝ.ဝ၄% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် အမျိုးသမီးဝတ်လုံချည် (ပြည်တွင်း/ပြည်ပ) ဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဃ) **အိမ်လခနှင့် အိမ်ပြင်ခအုပ်စု၏ ဈေးဆနှုန်း**မှာ ၂ဝ၂ဝ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၂ဝ၁.၅၇ ရှိ၍ ယခင်လအခြေအနေ ၂ဝ၁.၅၇ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေသည်ကို တွေ့ရှိရပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂ဝ၂ဝ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၃၄.၉၅ ရှိ၍ ယခင်လအခြေအနေ ၁၃၄.၇ဝ နှင့် နှိုင်းယှဉ်ပါက ဝ.၁၈% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သည့် အိပ်ရာခင်း၊ ဗီရို၊ ဖျာ(သင်ဖြူး/ဝါး)၊ ဓာတ်မီး၊ မီးချောင်း၊ မျက်နှာသုတ်ပုဝါနှင့် ဖယောင်းတိုင် ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂ဝ၂ဝ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၆၄.၄၄ ရှိ၍ ယခင်လအခြေအနေ ၁၆၃.၄၁ နှင့်နှိုင်းယှဉ်ပါက ဝ.၆၃% မြင့်တက်လာပါသည်။ ဤအုပ်စုတွင် ပါဝင်သည့် အထွေထွေဆေးကုသစရိတ်နှင့် ဆေးရုံကုသစရိတ် ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂ဝ၂ဝ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁ဝ၇.၄၃ ရှိ၍ ယခင်လအခြေအနေ ၁ဝ၇.၉၁ နှင့်နှိုင်းယှဉ်ပါက ဝ.၄၅% ကျဆင်း

လျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော မော်တော်ကားနှင့် ဆိုင်ကယ် ဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၀၁.၁၆ ရှိ၍ ယခင်လအခြေအနေ ၁၀၁.၁၉ နှင့်နှိုင်းယှဉ်ပါက ၀.၀၃% ကျဆင်းလျက်ရှိပါသည်။ ယင်းအုပ်စုတွင်ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့် ယဉ်ကျေးမှုအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၌ ၁၂၄.၁၂ ရှိ၍ ယခင်လအခြေအနေ ၁၂၄.၀၆ နှင့်နှိုင်းယှဉ်ပါက ၀.၀၄% မြင့်တက် လျက်ရှိပါသည်။ ယင်းအုပ်စုတွင် ပါဝင်သော ရုပ်မြင်သံကြားစက်နှင့် ကွန်ပျူတာ ဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ည) **ပညာရေးအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၄၀.၀၄ ရှိ၍ ယခင်လအခြေအနေ ၁၄၀.၀၄ နှင့်နှိုင်းယှဉ်ပါက ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်နေ သည်ကို တွေ့ရှိရပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၄၀.၂၉ ရှိ၍ ယခင်လအခြေအနေ ၁၄၀.၀၄ နှင့်နှိုင်းယှဉ်ပါက ၀.၁၈% မြင့်တက်ခဲ့ ပါသည်။ ဤအုပ်စုအတွင်းပါဝင်သော မုန့်ဟင်းခါး၊ အသုတ်စုံ၊ ခေါက်ဆွဲကြော်/ ကြာဇံကြော်နှင့် ကြေးအိုးဈေးနှုန်းများ မြင့်တက်လာသောကြောင့် ဖြစ်ပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု၏ ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၅၄.၉၈ ရှိ၍ ယခင်လအခြေအနေ ၁၅၅.၃၈ နှင့်နှိုင်းယှဉ်ပါက ၀.၂၅% ကျဆင်းလာ ပါသည်။ ဤအုပ်စုတွင်ပါဝင်သော သနပ်ခါး၊ သွားတိုက်ဆေး၊ လက်ဝတ်ရတနာနှင့် ရွှေဈေးနှုန်းများ ကျဆင်းလာသောကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု၏ဈေးဆနှုန်း**မှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၄၄.၂၅ ရှိ၍ ယခင်လအခြေအနေ ၁၄၄.၂၆ နှင့်နှိုင်းယှဉ်ပါက ရာခိုင်နှုန်း အနည်း ငယ်သာ ကျဆင်းလျက်ရှိပါသည်။

## အပိုင်း(ခ)

**၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စားသုံးသူဈေးဆန္ဒန်းနှိုင်းယှဉ်ချက်**

**စုစုပေါင်းစားသုံးသူဈေးဆန္ဒန်း (အခြေခံနှစ် ၊ ၂၀၁၂ ခုနှစ် = ၁၀၀)**

၁။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွက် စားသုံးသူဈေးဆန္ဒန်းမှာ ၁၆၂.၈၂ ဖြစ်ရာ ယခင်နှစ်အလားတူလ၏ စားသုံးသူဈေးဆန္ဒန်း ၁၆၁.၂၆ နှင့် နှိုင်းယှဉ်ပါက ၀.၉၇% မြင့်တက်လာပါသည်။ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု၏ဈေးဆန္ဒန်းမှာ ကျဆင်းလာသော်လည်း ကျန်အုပ်စုများ၏ ဈေးဆန္ဒန်းများမှာ ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက အသီးသီး မြင့်တက်လာခဲ့ပါသည်။

**အုပ်စုအလိုက် အသေးစိတ်စိစစ်ခြင်း**

၂။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံးအတွက် စားသုံးသူဈေးဆန္ဒန်းများကို အုပ်စုအလိုက် အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည် –

(က) **အစားအစာအုပ်စု**၏ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၇၆.၀၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၇၃.၉၃ နှင့်နှိုင်းယှဉ်ပါက ၁.၂၀% မြင့်တက်လာပါသည်။ ကြက်သား ၃.၈၀%၊ ဘဲဥ ၇.၅၁% နှင့် ကြက်ဥ ၆.၀၄% အသီးသီး ကျဆင်းလာသော်လည်း ဆန်(ဧည့်မထ) ၃.၂၉%၊ နမ်းဆီ ၀.၅၉%၊ စားအုန်းဆီ ၉.၂၃%၊ ဝက်သား ၆.၂၁%၊ အမဲသား ၂.၄၂%၊ ငါးခူ ၁၁.၀၉%၊ ငါးရံ့ ၇.၁၄%၊ ငါးမြစ်ချင်း ၁.၈၆%၊ ပုစွန်ခြောက် ၃.၃၆%၊ ငါးရံ့ခြောက် ၅.၀၁%၊ ရေချိုငါးပိ ၄.၂၇% အသီးသီး မြင့်တက်လာခဲ့ပါသည်။ သို့သော် စားဖိုဆောင်သုံး ပစ္စည်းများဖြစ်သော ကြက်သွန်ဖြူ ၁၇.၀၆%၊ ကြက်သွန်နီ ၆၀.၂၅%နှင့် အာလူး ဈေးနှုန်းမှာ ၄.၀၂% ကျဆင်းလာသော်လည်း ကုလားပဲခြမ်းဈေးနှုန်းမှာ ၀.၆၇% မြင့်တက်လာပါသည်။ ရာသီပေါ်သီးနှံဖြစ်သော ခရမ်းချဉ်သီး ၁၃.၄၈% နှင့် ပဲတောင့်ရှည်သီး ၀.၇၄% ကျဆင်းလာပြီး ခရမ်းသီး ၈.၅၈%နှင့် ဂေါ်ဖီထုပ် ၁၃.၇၅% ဖြင့် ဈေးနှုန်းများ မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ခ) **ဆေးလိပ်နှင့် အဖျော်ယမကာအုပ်စု**၏ ဈေးဆန္ဒန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၌ ၁၅၇.၅၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၅၂.၉၃ နှင့် နှိုင်းယှဉ်ပါက ၃.၀၀% မြင့်တက်နေပါသည်။ ဤအုပ်စုတွင် ပါဝင်သော အရက် (ပြည်တွင်း/

ပြည်ပ)၊ ဘီယာ (ပြည်ပ)၊ ကွမ်းရွက်၊ စီးကရက် (ပြည်တွင်း/ပြည်ပ) နှင့် ဆေးပြင်းလိပ်ဈေးနှုန်းများမှာ ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက သိသိသာသာ မြင့်တက်လာခဲ့ပါသည်။

(ဂ) **အဝတ်အထည်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၃၀.၅၀ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၂၈.၆၉ နှင့်နှိုင်းယှဉ်ပါက ၁.၄၀% မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။ ဤအုပ်စုတွင်ပါဝင်သော အမျိုးသမီးဝတ် လုံချည် (ပြည်တွင်း)၊ ဂျာကင်၊ ရှပ်အင်္ကျီ၊ တီရှပ်၊ စပို့ရှပ်၊ စွပ်ကျယ်၊ အမျိုးသား ဝတ်လုံချည်၊ ဘောင်းဘီ (အတို/အရှည်)၊ ဆွယ်တာ၊ ဘလောက်စ်အင်္ကျီ၊ မိုးကာအင်္ကျီ၊ စက်ချုပ်ခ (အမျိုးသား/အမျိုးသမီး)နှင့် ဖိနပ် (သားရေ/ရော်ဘာ) ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(ဃ) **အိမ်လခနှင့် အိမ်ပြင်ခအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၂၀၁.၅၇ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၉၈.၇၇ နှင့်နှိုင်းယှဉ်ပါက ၁.၄၁% မြင့်တက်လာပါသည်။ ဤအုပ်စုတွင်ပါဝင်သော အိမ်ငှားခ၊ ဝါး၊ ကျွန်းသစ်၊ သစ်မာ၊ သွပ်၊ အိမ်ပြင်အလုပ်သမားခ၊ ရေဖိုး၊ ထင်းနှင့် မီးသွေးဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်ခဲ့ပါသည်။

(င) **အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၃၄.၉၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ ၁၃၁.၇၁ နှင့်နှိုင်းယှဉ်ပါက ၂.၄၆% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော ပရိဘောဂပစ္စည်းများဖြစ်သော ကုတင်နှင့် ဗီရို ဈေးနှုန်းများ၊ အိမ်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ဖျာ(သင်ဖြူး/ဝါး)၊ ဖယောင်းပုဆိုး၊ မျက်နှာသုတ်ပုဝါ၊ ခြင်ထောင်၊ စောင်၊ ရေခဲသေတ္တာ၊ အပ်ချုပ်စက်၊ ဒန်အိုး၊ ရေသန့်ဗူးကြီး၊ ဘက်ထရီ၊ မီးချောင်း၊ ဓာတ်မီး၊ အဝတ်လျှော်ဆပ်ပြာ၊ ဆပ်ပြာမှုန့်၊ ဖယောင်းတိုင်၊ အိမ်အကူအလုပ်သမားခနှင့် ယာဉ်မောင်းခ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် သိသာစွာ မြင့်တက်ခဲ့၍ ဖြစ်ပါသည်။

(စ) **ကျန်းမာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၆၄.၄၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၅၉.၃၅ နှင့်နှိုင်းယှဉ်ပါက ၃.၁၉% မြင့်တက်

လျက်ရှိပါသည်။ ဤအုပ်စုတွင်ပါဝင်သော တိုင်းရင်းဆေးနှင့် ဆေးကုသစရိတ်၊ ဗီတာမင်၊ အကိုက်အခဲ ပျောက်ဆေး၊ ဆေးကုသစရိတ် (အထွေထွေ/အထူးကု) နှင့် ဆေးရုံစရိတ်ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်း တွေ့ရှိရပါသည်။

(ဆ) **သယ်ယူပို့ဆောင်ရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၀၇.၄၃ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၁၇.၂၃ နှင့်နှိုင်းယှဉ်ပါက ၈.၃၆% ကျဆင်းလာပါသည်။ ယင်းအုပ်စုဈေးဆနှုန်းတွင် ပါဝင်သော ပြည်ပမှ တင်သွင်းသည့် ဒီဇယ်ဆီဈေးနှုန်းများမှာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဒီဇယ် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၅.၄၇ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၄၆.၃၁ သို့ သိသာစွာကျဆင်းလာပြီး ပြည်တွင်း ဒီဇယ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ဂါလန်လျှင် ၄၄၉၁.၄၉ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ၂၇၁၈.၈၇ ကျပ်သို့ ကျဆင်းလာပါသည်။ အလားတူ ပြည်ပမှတင်သွင်းသည့် ဓာတ်ဆီဈေးနှုန်းမှာ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၁.၂၆ ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် အမေရိကန်ဒေါ်လာ ၄၄.၈၀ သို့ သိသိသာသာ ကျဆင်းလာပြီး ပြည်တွင်းဓာတ်ဆီဈေးနှုန်းမှာလည်း ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလတွင် တစ်ဂါလန်လျှင် ၄၂၃၅.၃၆ ကျပ်ရှိရာမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ၂၆၀၈.၉၅ ကျပ်သို့ ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော မော်တော်ဆိုင်ကယ်နှင့် စက်ဘီးဈေးနှုန်းများမှာ ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဇ) **ဆက်သွယ်ရေးအုပ်စု**၏ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၀၁.၁၆ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၀၁.၄၂ နှင့်နှိုင်းယှဉ်ပါက ၀.၂၆% ကျဆင်းလာပါသည်။ ဤအုပ်စုတွင်ပါဝင်သော မိုဘိုင်းလ်ဖုန်းဈေးနှုန်းများမှာ Model အသစ်ဝင်ရောက်မှုများရှိနေပြီး Model အဟောင်းများ၏ ဈေးနှုန်းများမှာ ကျဆင်းလာသောကြောင့် ယခင်နှစ်ကထက် ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဈ) **အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှုအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၂၄.၁၂ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ ၁၂၃.၁၉ နှင့် နှိုင်းယှဉ်ပါက

၀.၇၅% မြင့်တက်ခဲ့ပါသည်။ ဤအုပ်စုတွင် ပါဝင်သော စီဒီတိပ်ခွေ၊ သတင်းစာနှင့် ဂျာနယ်ဈေးနှုန်းများ မြင့်တက်လာပြီး ကွန်ပျူတာဈေးနှုန်းမှာ နိုင်ငံခြားငွေလဲလှယ်နှုန်းများ ကျဆင်းနေသော်လည်း COVID–19 ကပ်ရောဂါ ဖြစ်ပွားနေခြင်းကြောင့် ကုန်ပစ္စည်းတင်ပို့ရာတွင် အသွားအလာ ကန့်သတ်ချက်များနှင့် ပို့ဆောင်ရေး အခက်အခဲများ ရှိခြင်းတို့ကြောင့် အနည်းငယ်မြင့်တက်လျက်ရှိပါသည်။

(ည) **ပညာရေးအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၄၀.၀၄ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၃၈.၉၇ နှင့်နှိုင်းယှဉ်ပါက ၀.၇၇% မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ ဤအုပ်စုတွင် ပါဝင်သော ကျူရှင်လခနှင့် သင်တန်းကြေးဈေးနှုန်းများမှာ COVID–19 ကပ်ရောဂါ စတင်ဖြစ်ပွားသည့် မတ်လ မှစ၍ ကျောင်းများ၊ သင်တန်းများပိတ်ထားသည့်အတွက် ပြောင်းလဲမှုမရှိဘဲ တည်ငြိမ်ခဲ့သော်လည်း ၂၀၁၉ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ အတွင်း ကျူရှင်လခနှင့် သင်တန်းကြေးများ မြင့်တက်ခဲ့ခြင်းကြောင့် ယခင်နှစ်နှင့် နှိုင်းယှဉ်ပါက မြင့်တက်နေရခြင်းဖြစ်ပါသည်။

(ဋ) **ပြင်ပအစားအသောက်အုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၄၀.၂၉ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၃၁.၉၄ နှင့်နှိုင်းယှဉ်ပါက ၆.၃၃% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော အကြော်စုံ၊ မုန့်ဟင်းခါး၊ အုန်းနို့ခေါက်ဆွဲ၊ အသုပ်စုံ၊ ခေါက်ဆွဲကြော်/ကြာဇံကြော်၊ ကြေးအိုး၊ ထမင်းနှင့်ဟင်း၊ ဒံပေါက်၊ လက်ဖက်ရည်/ကော်ဖီ၊ ရေခဲမုန့်၊ ကွမ်းယာ၊ လက်ဖက်အစို၊ နှစ်ပြန်ကြော်နှင့် အဆောင်ငှားရမ်းခဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်နေကြောင်းတွေ့ရှိရပါသည်။

(ဌ) **အထွေထွေကုန်ပစ္စည်းအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၅၄.၉၈ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလအခြေအနေ ၁၄၆.၈၂ နှင့်နှိုင်းယှဉ်ပါက ၅.၅၆% မြင့်တက်လာခဲ့ပါသည်။ ဤအုပ်စုတွင်ပါဝင်သော ကုန်ပစ္စည်းအများစုကို ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းများ မြင့်တက်လာခဲ့ရာ၌ ဆံပင်ညှပ်ခ(ကျား/မ)၊ ကိုယ်တိုက်ဆပ်ပြာ၊ သနပ်ခါး၊ သွားတိုက်ဆေး၊ သွားတိုက်တံ၊ ကျောပိုးအိတ်၊ မုတ်ဆိတ်ရိတ်ဓား နှင့် ထီးဈေးနှုန်းများ မြင့်တက်လာသည့်အပြင် ရွှေထည်ပစ္စည်း

ဈေးနှုန်းမှာ ၉.၆၁% နှင့် လက်ဝတ်ရတနာဈေးနှုန်းမှာ ၉.၃၅% တို့ဖြင့် သိသာစွာ မြင့်တက်ခဲ့ခြင်းကြောင့် ဖြစ်ပါသည်။

(ဍ) **အစားအစာမဟုတ်သောအုပ်စု**၏ ဈေးဆနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ၌ ၁၄၄.၂၅ ရှိ၍ ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ အခြေအနေ ၁၄၃.၄၃ နှင့်နှိုင်းယှဉ်ပါက ၀.၅၇% မြင့်တက်လာခဲ့ပါသည်။ အစားအစာမဟုတ်သောအုပ်စုတွင် ပါဝင်သော အုပ်စုများအနက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအုပ်စု ကျဆင်းလာသည် မှလွဲ၍ ကျန်အုပ်စုများ၏ ဈေးနှုန်းများမှာ ယခင်နှစ်ကထက် မြင့်တက်လာသော ကြောင့် ဖြစ်ပါသည်။

## အပိုင်း(ဂ)

### စားသုံးသူဈေးဆနှုန်းနှင့်ငွေကြေးဖောင်းပွမှုနှုန်းအခြေအနေတင်ပြခြင်း

### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအခြေအနေတင်ပြခြင်း

၁။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၁၆၁.၇၂ ရှိခဲ့ရာမှ တဖြည်းဖြည်း ကျဆင်းလာခဲ့ရာ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလတွင် ၁၆၀.၀၀ ဖြစ်ပေါ်ခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ မေလမှစ၍ တဖြည်းဖြည်း မြင့်တက်လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် အနည်းငယ် ပြန်လည်ကျဆင်းလာခဲ့ပါသည်။ ယခုလတွင် တစ်နိုင်ငံလုံး၏ စားသုံးသူဈေးဆနှုန်းမှာ ၁၆၂.၈၂ ဖြစ်ပေါ်ခဲ့သဖြင့် ယခင်လနှင့်နှိုင်းယှဉ်ပါက အနည်းငယ်ကျဆင်းလာခဲ့ပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖြစ်ပေါ်ခဲ့သော စားသုံးသူဈေးဆနှုန်းများကိုကြည့်လျှင် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး (၃) မြို့တို့တွင် ယခင်လနှင့် နှိုင်းယှဉ်ပါက ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် ကျဆင်းလျက်ရှိပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးတွင် မြင့်တက်နေသည်ကို တွေ့ရှိရပါသည်။ လအလိုက်ပြောင်းလဲမှု ရာခိုင်နှုန်းအနေဖြင့် မကွေးတိုင်းဒေသကြီးတွင် ၀.၅၀% ဖြင့် ပြောင်းလဲမှုအများဆုံး ဖြစ်ပေါ်နေပြီး မန္တလေးတိုင်းဒေသကြီးတွင် (-၀.၇၀)% ဖြင့် ပြောင်းလဲမှုအနည်းဆုံး ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါသည်။


### ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် ငွေကြေးဖောင်းပွမှုအခြေအနေတင်ပြခြင်း

၃။ ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် (၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအထိ) တစ်နှစ်တာကာလအတွင်း ဖြစ်ပေါ်ခဲ့သော တစ်နိုင်ငံလုံး၏ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဇွန်လတွင် ၉.၅၁% ရှိခဲ့ရာမှ ဇူလိုင်တွင် လျှပ်စစ်ဓာတ်အားခနှုန်းထားများ တိုးမြှင့်ခြင်းကြောင့် ငွေကြေးဖောင်းပွမှုနှုန်းမှာ ၁၀.၈၇% သို့ မြင့်တက်လာခဲ့ပါသည်။ သို့ရာတွင် ၂၀၂၀ ပြည့်နှစ်၊ မတ်လတွင် မြန်မာနိုင်ငံ၌ COVID-19 စတင်ဖြစ်ပွားလာချိန်မှစ၍ အိမ်ထောင်စုများ၏ သုံးစွဲမှုလျော့နည်းလာခြင်းနှင့် လောင်စာဆီဈေးနှုန်းများ ကျဆင်းလာ

ခြင်းကြောင့် နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်း ကျဆင်းလာခဲ့ရာ နိုဝင်ဘာလတွင် ၀.၉၇% ဖြစ်ပေါ်ခဲ့ပါသည်။

၄။ တစ်နိုင်ငံလုံးအတွက် ၂၀၁၂ ခုနှစ် အခြေခံနှစ်ဖြင့် စားသုံးသူဈေးဆနှုန်းအပေါ် အခြေခံ တွက်ချက်ထားသော ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအထိ တစ်နှစ်ပျမ်းမျှ ၄.၆၀% ရှိ၍ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလအထိ တစ်နှစ်ပျမ်းမျှ ၅.၂၁% နှင့် နှိုင်းယှဉ်ပါက ၀.၆၁ လျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအထိ ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းများကို လေ့လာပါက ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလတွင် ၈.၈၁% ရှိခဲ့ရာမှ တဖြည်းဖြည်းမြင့်တက်လာပြီး ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၉.၂၀% ဖြင့် အမြင့်ဆုံးဖြစ်ပေါ်ခဲ့ပါသည်။ သို့သော် ၂၀၂၀ ပြည့်နှစ်၊ မတ်လမှစ၍ မြန်မာနိုင်ငံ၌ COVID-19 ကူးစက်ရောဂါ သက်ရောက်မှုကြောင့် ပြည်သူများ သုံးစွဲမှု ကျဆင်းပြီး စားသုံးသူဈေးဆနှုန်းမှာ တိုးနှုန်းအရှိန် လျော့နည်းလာရာ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ၄.၆၀% သို့ ရောက်ရှိလာခဲ့ပါသည်။

၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလအတွင်း တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့တွင် ဖြစ်ပေါ်နေသော ငွေကြေးဖောင်းပွမှုနှုန်းများ




၅။ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် မြို့ကြီး (၃) မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ပျမ်းမျှ ငွေကြေးဖောင်းပွမှုနှုန်းကို ဇယား (၂) ဖြင့် တင်ပြထားပါသည်။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ အတွင်း ပျမ်းမျှငွေကြေးဖောင်းပွမှုနှုန်းမှာ ဧရာဝတီတိုင်းဒေသကြီးတွင် ၉.၁၁% ဖြင့် ပထမအမြင့် ဆုံး၊ မန္တလေးမြို့တွင် ၇.၅၅% ဖြင့် ဒုတိယအမြင့်ဆုံး၊ ပြည်ထောင်စုနယ်မြေတွင် ၆.၆၈% ဖြင့် တတိယအမြင့်ဆုံး အသီးသီး ဖြစ်ပေါ်လျက်ရှိပါသည်။ နှစ်အလိုက်ငွေကြေးဖောင်းပွမှုနှုန်းမှာ

ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၁၉% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အများဆုံးဖြစ်ပေါ်ခဲ့ပြီး ကယား ပြည်နယ်တွင် (-၂.၆၇)% ဖြင့် ပြောင်းလဲမှုရာခိုင်နှုန်း အနည်းဆုံး ဖြစ်ပေါ်ခဲ့ပါကြောင်း အစီရင်ခံ တင်ပြအပ်ပါသည်။

**သုံးသပ်တင်ပြချက်**

၆။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် ဖြစ်ပေါ်ခဲ့သော ကုန်ပစ္စည်းဈေးနှုန်းပြောင်းလဲမှု အခြေ အနေများကို အောက်ပါအတိုင်း သုံးသပ်တင်ပြအပ်ပါသည်-

(က) ယခုလအတွင်း ဖြစ်ပေါ်နေသော ဆန်ဈေးနှုန်းများကို ယခင်လနှင့် နှိုင်းယှဉ်ပါက အနည်းငယ် မြင့်တက်လျက်ရှိနေသည်ကို တွေ့ရှိရပါသည်။ COVID-19 ကူးစက် ရောဂါဖြစ်ပွားမှုနှုန်း မြင့်တက်လာသော ကာလဖြစ်၍ အချို့ဒေသများတွင် နေရာ ဒေသသွားလာမှု ကန့်သတ်ချက်များ ရှိနေခြင်း၊ ဆန်တင်ပို့ရောင်းချမှုများ နှောင့် နှေးလျက်ရှိခြင်း၊ ဝယ်လိုအားမြင့်တက်ခြင်းနှင့် နေ့စဉ်စားသုံးရန် ဝယ်ယူနေရသည့် အဓိကကုန်ပစ္စည်းဖြစ်ခြင်းတို့ကြောင့် ဈေးနှုန်းများ အနည်းငယ် မြင့်တက်နေသည် ကို တွေ့ရှိရပါသည်။

(ခ) စားသုံးဆီအုပ်စုတွင်ပါဝင်သော မြေပဲဆီ၊ နှမ်းဆီနှင့် စားအုန်းဆီဈေးနှုန်းများ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီ တင်သွင်းသည့် ဈေးနှုန်းများမှာ ယခင်လ တွင် မက်ထရစ်တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၇၀၀.၂၀ ရှိခဲ့ရာမှ ယခုလတွင် အမေရိကန်ဒေါ်လာ ၇၉၃.၇၃ သို့ မြင့်တက်လာပါသည်။ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာခြင်းနှင့်အတူ ကုန်စည်စီးဆင်းမှုလမ်းကြောင်း အကန့်အသတ်များရှိ လာခြင်း၊ အခြေခံစားသောက်ကုန်ဖြစ်သောကြောင့် ဝယ်လိုအားများခြင်း၊ သယ်ယူပို့ဆောင်စရိတ် မြင့်တက်လာခြင်းတို့ကြောင့် ပြည်တွင်းစားအုန်းဆီ ဈေးနှုန်းမှာလည်း မြင့်တက်လာကြောင်း တွေ့ရှိရပါသည်။

(ဂ) အသား၊ ငါး နှင့် ဥအုပ်စုတွင် ပါဝင်သော အသားဈေးနှုန်းများတွင် အခြားဒေသ များသို့ တင်ပို့ရောင်းချမှုများ နည်းပါးနေခြင်း၊ COVID-19 ကူးစက်ရောဂါ ဖြစ်ပွား နေသောကာလ ဖြစ်၍ အချို့သောမြို့နယ်များတွင် နေအိမ်တွင်နေထိုင်ရေး (Stay at Home) အစီအစဉ်များတွင် အကျုံးဝင်နေသဖြင့် ဝယ်လိုအားနည်းခြင်းကြောင့် ကြက်သားနှင့် ဝက်သားဈေးနှုန်းများ မြင့်တက်လာပါသည်။ ငါးမဖမ်းရ ရာသီပြီး၍

ငါးဖမ်းလုပ်ငန်းများ ပြန်လည် စတင်နေပြီဖြစ်သော်လည်း COVID–19 ကူးစက်ရောဂါကြောင့် စားသောက်ဆိုင်များပိတ်ထားရခြင်း၊ လူစုလူဝေးဖြင့်ပြုလုပ်သော အလှူအတန်းများ၊ ပွဲလန်းသဘင်များ မပြုလုပ်ရခြင်းများကြောင့် ငါးစားသုံးမှု လျော့နည်းလာပြီး ငါးဈေးနှုန်းများ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(ဃ) ရာသီပေါ်သီးနှံဖြစ်သည့် ဘူးသီး၊ ခရမ်းသီး၊ ကန်စွန်းရွက်၊ ချဉ်ပေါင်ရွက်နှင့် သခွားသီးဈေးနှုန်းများမှာ အနည်းငယ် မြင့်တက်လာပြီး ဂေါ်ဖီထုပ်နှင့် ပဲတောင့်ရှည်သီးဈေးနှုန်းများမှာ မိုးအကုန် ဆောင်းအကူးကာလများဖြစ်၍ အထွက်နှုန်းတိုးခြင်းကြောင့် ဈေးနှုန်းများ ကျဆင်းလာပါသည်။ အလားတူ ခရမ်းချဉ်သီး ဈေးနှုန်းမှာ နယ်ပေါင်းစုံမှ အထွက်နှုန်းများလာ၍ ဈေးနှုန်းများ သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရပါသည်။

(င) စားဖိုဆောင်သီးနှံဖြစ်သော ကုလားပဲခြမ်း၊ ကြက်သွန်ဖြူနှင့် ကြက်သွန်နီ ဈေးနှုန်းမှာမူ ပွင့်လင်းရာသီဖြစ်ခြင်းနှင့် စားသုံးမှုများသော အခြေခံစားသုံးကုန်ပစ္စည်းဖြစ်၍ ဝယ်လိုအားများခြင်းတို့ကြောင့် ဈေးနှုန်းများ မြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

(စ) ယခုလတွင် ဖြစ်ပေါ်ခဲ့သော မြန်မာ့ရွှေဈေးနှုန်းမှာ ၁၅ ပဲရည် တစ်ကျပ်သားလျှင် ၁၂၂၇၂၇၃.၃၁ ကျပ်ဖြစ်သဖြင့် လွန်ခဲ့သောနှစ်နှင့်နှိုင်းယှဉ်ပါက ၉.၆၁% မြင့်တက်လာသော်လည်း လွန်ခဲ့သောလနှင့်နှိုင်းယှဉ်ပါက ၀.၆၀% ကျဆင်းလာပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်းမှာ ယခင်လတွင် တစ်ထရိုင်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၉၀၄.၆၆ ရှိရာမှ ယခုလတွင် ၁၈၇၉.၅၆ သို့ ၁.၃၂% ကျဆင်းခဲ့ပါသည်။ ကမ္ဘာ့ရွှေဈေးနှုန်း ကျဆင်းလာသကဲ့သို့ မြန်မာ့ရွှေဈေးနှုန်းမှာလည်း ကျဆင်းလာကြောင်း တွေ့ရှိရပါသည်။

(ဆ) ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း ပြည်ပမှတင်သွင်းခဲ့သော လောင်စာဆီဈေးနှုန်းများမှာ ယခင်လနှင့် နှိုင်းယှဉ်ပါက ဒီဇယ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၃.၉၉ မှ ၄၆.၃၁ သို့ မြင့်တက်လျက်ရှိသော်လည်း ဓာတ်ဆီတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၄၅.၂၉ မှ ၄၄.၈၀ သို့ ကျဆင်းလျက်ရှိပါသည်။ နိုဝင်ဘာလ

အတွင်းတွင် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ မြင့်တက်လာသကဲ့သို့ ပြည်တွင်း လောင်စာဆီဈေးနှုန်း မှာလည်း လိုက်ပါမြင့်တက်လျက်ရှိပါသည်။

၇။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလအတွင်း အမေရိကန်ဒေါ်လာနှင့် မြန်မာကျပ်ငွေလဲလှယ်နှုန်းမှာလည်း ယခင်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက တစ်ဒေါ်လာလျှင် ၂၀၃ ကျပ် ကျဆင်းလာပြီး ယခင်လနှင့် နှိုင်းယှဉ်လျှင် ၂ ကျပ်ခန့် ကျဆင်းနေသည်ကို တွေ့ရှိရပါသည်။

၈။ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလတွင် COVID-19 ကူးစက်ရောဂါ ဖြစ်ပွားမှုနှုန်း မြင့်တက်လာသဖြင့် အချို့ဒေသများတွင် နေရာဒေသသွားလာမှု ကန့်သတ်ချက်များကြောင့် ဆန်တင်ပို့ရောင်းချမှုများ နှောင့်နှေးလျက်ရှိခြင်း၊ အရောင်းအဝယ် လိုက်လာသဖြင့် ဝယ်လိုအား ပြန်လည်မြင့်တက်လာခြင်း၊ နေ့စဉ်စားသုံးရန် ဝယ်ယူနေရသည့် အဓိကစားသုံးကုန်ပစ္စည်း ဖြစ်ခြင်းတို့ကြောင့် ဆန်ဈေးနှုန်းများ အနည်းငယ် မြင့်တက်လာပါသည်။ အလားတူ ပြည်ပစားအုန်းဆီဈေးနှုန်း မြင့်တက်လာမှုနှင့်အတူ ပြည်တွင်းစားအုန်းဆီဈေးနှုန်း လိုက်ပါမြင့်တက်လာခဲ့ပါသည်။ သို့သော် ငါးဈေးနှုန်းများ၊ အချို့သောစားဖိုဆောင်သီးနှံများ၊ ရာသီပေါ်သီးနှံနှင့် ဟင်းသီးဟင်းရွက်များ၏ ဈေးနှုန်းများ ကျဆင်းလာခြင်းနှင့် မြန်မာ့ရွှေဈေးနှုန်းများ ကျဆင်းလာခြင်းတို့ကြောင့် စားသုံးသူဈေးဆနှုန်းမှာ ကျဆင်းလာခဲ့ပါသည်။

## ဇယား (၁) တစ်နိုင်ငံလုံး၏ အုပ်စုအလိုက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀

| COICOP Code | အုပ်စုအမည် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| **(က)** | **စုစုပေါင်းစားသုံးသူဈေးဆနှုန်း** | **၁၀၀.၀၀** | **၁၆၁.၂၆** | **၁၆၃.၀၀** | **၁၆၂.၈၂** | **-၀.၁၁** | **၀.၉၇** | **၄.၆၀** |
| **၀၁** | **အစားအစာအုပ်စု** | **၅၈.၄၆** | **၁၇၃.၉၃** | **၁၇၆.၃၁** | **၁၇၆.၀၂** | **-၀.၁၇** | **၁.၂၀** | **၃.၄၅** |
| | **အစားအစာမဟုတ်သောအုပ်စု** | **၄၁.၅၄** | **၁၄၃.၄၃** | **၁၄၄.၂၆** | **၁၄၄.၂၅** | **-၀.၀၁** | **၀.၅၇** | **၆.၆၆** |
| ၀၂ | ဆေးလိပ်နှင့်အဖျော်ယမကာ | ၁.၆၅ | ၁၅၂.၉၃ | ၁၅၆.၅၇ | ၁၅၇.၅၂ | ၀.၆၁ | ၃.၀၀ | ၈.၀၃ |
| ၀၃ | အဝတ်အထည် | ၃.၂၄ | ၁၂၈.၆၉ | ၁၃၀.၅၆ | ၁၃၀.၅၀ | -၀.၀၄ | ၁.၄၀ | ၃.၀၉ |
| ၀၄ | အိမ်လခနှင့်အိမ်ပြင်ခ | ၈.၀၈ | ၁၉၈.၇၇ | ၂၀၁.၅၇ | ၂၀၁.၅၇ | ၀.၀၀ | ၁.၄၁ | ၁၈.၅၅ |
| ၀၅ | အိမ်အသုံးအဆောင်ပစ္စည်းနှင့် ပြုပြင်ထိန်းသိမ်းစရိတ် | ၂.၃၄ | ၁၃၁.၇၁ | ၁၃၄.၇၀ | ၁၃၄.၉၅ | ၀.၁၈ | ၂.၄၆ | ၄.၆၄ |
| ၀၆ | ကျန်းမာရေး | ၂.၁၃ | ၁၅၉.၃၅ | ၁၆၃.၄၁ | ၁၆၄.၄၄ | ၀.၆၃ | ၃.၁၉ | ၆.၅၃ |
| ၀၇ | သယ်ယူပို့ဆောင်ရေး | ၁၀.၁၄ | ၁၁၇.၂၃ | ၁၀၇.၉၁ | ၁၀၇.၄၃ | -၀.၄၅ | -၈.၃၆ | -၃.၈၁ |
| ၀၈ | ဆက်သွယ်ရေး | ၁.၆၂ | ၁၀၁.၄၂ | ၁၀၁.၁၉ | ၁၀၁.၁၆ | -၀.၀၃ | -၀.၂၆ | -၀.၃၁ |
| ၀၉ | အပန်းဖြေခြင်းနှင့်ယဉ်ကျေးမှု | ၁.၀၃ | ၁၂၃.၁၉ | ၁၂၄.၀၆ | ၁၂၄.၁၂ | ၀.၀၄ | ၀.၇၅ | ၅.၂၆ |
| ၁၀ | ပညာရေး | ၂.၁၅ | ၁၃၈.၉၇ | ၁၄၀.၀၄ | ၁၄၀.၀၄ | ၀.၀၀ | ၀.၇၇ | ၂.၈၃ |
| ၁၁ | ပြင်ပအစားအသောက် | ၅.၉၆ | ၁၃၁.၉၄ | ၁၄၀.၀၄ | ၁၄၀.၂၉ | ၀.၁၈ | ၆.၃၃ | ၇.၉၉ |
| ၁၂ | အထွေထွေကုန်ပစ္စည်း | ၃.၂၁ | ၁၄၆.၈၂ | ၁၅၅.၃၈ | ၁၅၄.၉၈ | -၀.၂၅ | ၅.၅၆ | ၇.၁၆ |
| **(ခ)** | **အစားအစာနှင့် လောင်စာဆီ မပါဝင်သော စားသုံးသူ ဈေးဆနှုန်း(Core CPI)** | **၃၂.၆၃** | **၁၄၀.၃၈** | **၁၄၅.၆၄** | **၁၄၅.၅၀** | **-၀.၀၉** | ***၃.၆၅** | ***၉.၆၇** |

*** အစားအစာနှင့် လောင်စာဆီ မပါဝင်သော ငွေကြေးဖောင်းပွမှုနှုန်း(Core Inflation)**

## ဇယား(၂) တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ကြီး(၃)မြို့၏ စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | တိုင်းဒေသကြီး/ပြည်နယ် | အလေးပေး ရာခိုင်နှုန်း | ၂၀၁၉ ခုနှစ် | ၂၀၂၀ ပြည့်နှစ် | | ယခင်လနှင့် နှိုင်းယှဉ်လျှင် ပြောင်းလဲသည့် ရာခိုင်နှုန်း | နှစ်အလိုက် ငွေကြေး ဖောင်းပွမှုနှုန်း | ပျမ်းမျှငွေကြေး ဖောင်းပွမှုနှုန်း (၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ အထိ) |
|---|---|---|---|---|---|---|---|---|
| | | | နိုဝင်ဘာလ | အောက်တိုဘာလ | နိုဝင်ဘာလ | | | |
| (၁) | (၂) | (၃) | (၄) | (၅) | (၆) | (၇) | (၈) | (၉) |
| ၁ | ကချင်ပြည်နယ် | ၃.၀၁ | ၁၅၈.၃၆ | ၁၅၈.၂၂ | ၁၅၇.၉၆ | -၀.၁၇ | -၀.၂၅ | ၃.၂၅ |
| ၂ | ကယားပြည်နယ် | ၀.၅၂ | ၁၆၂.၄၆ | ၁၅၈.၈၂ | ၁၅၈.၁၂ | -၀.၄၄ | -၂.၆၇ | ၂.၂၆ |
| ၃ | ကရင်ပြည်နယ် | ၃.၁၃ | ၁၄၅.၆၄ | ၁၅၁.၅၉ | ၁၅၁.၃၆ | -၀.၁၆ | ၃.၉၂ | ၅.၆၀ |
| ၄ | ချင်းပြည်နယ် | ၀.၇၄ | ၂၀၉.၈၂ | ၂၀၅.၆၈ | ၂၀၆.၃၆ | ၀.၃၃ | -၁.၆၅ | ၁.၃၃ |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ၁၁.၁၂ | ၁၅၈.၇၃ | ၁၅၅.၅၀ | ၁၅၆.၁၇ | ၀.၄၃ | -၁.၆၁ | ၁.၃၇ |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ၂.၈၅ | ၁၄၃.၆၁ | ၁၄၁.၈၈ | ၁၄၂.၀၃ | ၀.၁၀ | -၁.၁၀ | ၂.၇၀ |
| ၇ | ပဲခူးတိုင်းဒေသကြီး | ၈.၈၄ | ၁၅၆.၉၇ | ၁၆၀.၆၂ | ၁၆၀.၇၆ | ၀.၀၉ | ၂.၄၂ | ၅.၆၁ |
| ၈ | မကွေးတိုင်းဒေသကြီး | ၇.၃၄ | ၁၇၁.၀၂ | ၁၇၂.၁၆ | ၁၇၃.၀၂ | ၀.၅၀ | ၁.၁၇ | ၄.၉၁ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ၁၁.၀၉ | ၁၅၅.၈၇ | ၁၅၅.၇၈ | ၁၅၄.၇၀ | -၀.၇၀ | -၀.၇၆ | ၄.၈၄ |
| ၁၀ | မွန်ပြည်နယ် | ၅.၁၄ | ၁၅၁.၁၁ | ၁၄၈.၆၃ | ၁၄၈.၄၃ | -၀.၁၃ | -၁.၇၇ | ၀.၄၆ |
| ၁၁ | ရခိုင်ပြည်နယ် | ၄.၄၃ | ၁၉၅.၁၈ | ၁၉၆.၆၄ | ၁၉၆.၇၈ | ၀.၀၇ | ၀.၈၂ | ၂.၂၂ |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ၇.၄၈ | ၁၅၁.၉၂ | ၁၅၃.၅၃ | ၁၅၃.၃၂ | -၀.၁၄ | ၀.၉၂ | ၆.၁၁ |
| ၁၃ | ရှမ်းပြည်နယ် | ၉.၁၂ | ၁၆၈.၄၉ | ၁၇၀.၅၄ | ၁၆၉.၄၇ | -၀.၆၂ | ၀.၅၉ | ၃.၃၉ |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ၉.၉၁ | ၁၆၈.၁၈ | ၁၇၅.၂၀ | ၁၇၅.၂၄ | ၀.၀၂ | ၄.၁၉ | ၉.၁၁ |
| ၁၅ | ပြည်ထောင်စုနယ်မြေ | ၁.၄၁ | ၁၄၆.၄၈ | ၁၅၁.၄၉ | ၁၅၀.၄၈ | -၀.၆၇ | ၂.၇၃ | ၆.၆၈ |
| ၁၆ | ရန်ကုန်မြို့ | ၁၀.၆၁ | ၁၆၀.၅၁ | ၁၆၆.၃၀ | ၁၆၅.၈၀ | -၀.၃၀ | ၃.၃၀ | ၅.၈၀ |
| ၁၇ | မန္တလေးမြို့ | ၂.၅၈ | ၁၆၀.၀၁ | ၁၆၀.၃၄ | ၁၅၉.၆၃ | -၀.၄၄ | -၀.၂၃ | ၇.၅၅ |
| ၁၈ | နေပြည်တော် | ၀.၆၉ | ၁၅၂.၉၉ | ၁၅၁.၀၂ | ၁၅၁.၀၅ | ၀.၀၂ | -၁.၂၇ | ၃.၇၉ |
| **တစ်နိုင်ငံလုံး** | | **၁၀၀.၀၀** | **၁၆၁.၂၆** | **၁၆၃.၀၀** | **၁၆၂.၈၂** | **-၀.၁၁** | **၀.၉၇** | **၄.၆၀** |

## ဇယား(၃)အဓိကကျသောကုန်ပစ္စည်းများ၏လက်လီဈေးနှုန်းပြောင်းလဲမှုများ
## (၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ)

အခြေခံနှစ်၊ ၂၀၁၂=၁၀၀


| အမှတ်စဉ် | ကုန်ပစ္စည်း | အမျိုးအစား | အချိန်အတွယ် | ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ (ကျပ်) | ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (ကျပ်) | ၂၀၁၉ ခုနှစ် နိုဝင်ဘာလ (ကျပ်) | ယခင်လနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % | ယခင်နှစ်အလားတူလနှင့်နှိုင်းယှဉ် လျှင်ပြောင်းလဲသည့် % |
|---|---|---|---|---|---|---|---|---|
| ၁ | ဆန် | ဧည့်မထ (၃၅%) | ပြည် | ၁၅၅၀.၇၂ | ၁၅၅၄.၈၇ | ၁၅၀၅.၃၁ | ၀.၂၇ | ၃.၂၉ |
| ၂ | မြေပဲဆီ | ပြည်တွင်း | ပိဿာ | ၆၈၉၈.၅၈ | ၆၉၁၃.၅၂ | ၆၉၀၉.၇၈ | ၀.၂၂ | ၀.၀၅ |
| ၃ | နှမ်းဆီ | ပြည်တွင်း | ။ | ၆၇၆၆.၈၇ | ၆၈၈၆.၅၀ | ၆၈၄၅.၉၄ | ၁.၇၇ | ၀.၅၉ |
| ၄ | စားအုန်းဆီ | နိုင်ငံခြား | ။ | ၂၂၂၉.၄၇ | ၂၂၆၇.၁၃ | ၂၀၇၅.၅၃ | ၁.၆၉ | ၉.၂၃ |
| ၅ | ကြက်သား | အကောင်လိုက် | ပိဿာ | ၆၇၅၀.၉၃ | ၆၈၀၁.၁၂ | ၇၀၆၉.၉၆ | ၀.၇၄ | -၃.၈၀ |
| ၆ | ဝက်သား | ပေါင်သား | ။ | ၁၀၂၆၅.၂၂ | ၁၀၃၇၀.၂၃ | ၉၇၆၄.၁၉ | ၁.၀၂ | ၆.၂၁ |
| ၇ | အမဲသား | အရိုးလွတ် | ။ | ၁၄၅၈၈.၈၉ | ၁၄၅၇၀.၃၇ | ၁၄၂၂၆.၆၄ | -၀.၁၃ | ၂.၄၂ |
| ၈ | ဘဲဥ | အလတ်စား | ၁၀လုံး | ၁၆၉၆.၀၁ | ၁၆၉၀.၉၇ | ၁၈၂၈.၂၃ | -၀.၃၀ | -၇.၅၁ |
| ၉ | ကြက်ဥ | ။ | ။ | ၁၂၂၆.၆၃ | ၁၂၂၃.၉၈ | ၁၃၀၂.၆၀ | -၀.၂၂ | -၆.၀၄ |
| ၁၀ | ငါးခူ | အလတ်စားအရွယ် | ပိဿာ | ၁၀၂၈၇.၇၀ | ၁၀၁၈၃.၄၂ | ၉၁၆၆.၆၇ | -၁.၀၁ | ၁၁.၀၉ |
| ၁၁ | ငါးရံ့ | ။ | ။ | ၉၆၉၁.၉၆ | ၉၅၇၈.၈၉ | ၈၉၄၀.၄၁ | -၁.၁၇ | ၇.၁၄ |
| ၁၂ | ငါးမြစ်ချင်း | ။ | ။ | ၅၅၅၈.၄၈ | ၅၅၅၂.၆၁ | ၅၄၅၁.၃၄ | -၀.၁၁ | ၁.၈၆ |
| ၁၃ | ပုစွန်ခြောက် | ။ | ။ | ၃၄၉၈၁.၂၅ | ၃၄၉၈၁.၂၅ | ၃၃၈၄၂.၅၅ | ၀.၀၀ | ၃.၃၆ |
| ၁၄ | ငါးရံ့ခြောက် | ။ | ။ | ၃၄၃၅၂.၆၃ | ၃၄၃၀၉.၅၇ | ၃၂၆၇၁.၅၇ | -၀.၁၃ | ၅.၀၁ |
| ၁၅ | ရေကျိုငါးပိ | သုံးဦးစပ် | ပိဿာ | ၃၅၃၃.၀၄ | ၃၅၃၇.၃၉ | ၃၃၉၂.၄၈ | ၀.၁၂ | ၄.၂၇ |
| ၁၆ | ခရမ်းချဉ်သီး | | ။ | ၁၆၇၃.၆၆ | ၁၂၅၈.၈၅ | ၁၄၅၅.၀၄ | -၂၄.၇၈ | -၁၃.၄၈ |
| ၁၇ | ကုလားပဲခြမ်း | | ။ | ၂၃၅၀.၀၀ | ၂၃၉၁.၁၉ | ၂၃၇၅.၂၁ | ၁.၇၅ | ၀.၆၇ |
| ၁၈ | အာလူး | အလတ်စားအရွယ် | ။ | ၁၂၈၉.၈၀ | ၁၂၃၂.၀၀ | ၁၂၈၃.၅၃ | -၄.၄၈ | -၄.၀၂ |
| ၁၉ | ကြက်သွန်ဖြူ | ဥတစ်လုံး | ။ | ၃၁၂၅.၀၉ | ၃၁၉၀.၇၇ | ၃၈၄၆.၉၉ | ၂.၁၀ | -၁၇.၀၆ |
| ၂၀ | ကြက်သွန်နီ | ဥကြီး | ။ | ၁၁၉၄.၇၅ | ၁၂၀၅.၄၅ | ၃၀၃၂.၈၀ | ၀.၉၀ | -၆၀.၂၅ |
| ၂၁ | လုံချည် | ၂/၆၄-ကျားဝတ် | ထည် | ၅၅၂၃.၅၂ | ၅၃၂၀.၆၉ | ၅၄၅၉.၇၉ | -၃.၆၇ | -၂.၅၅ |
| ၂၂ | သားရေဖိနပ် | အလတ်စား | ရံ | ၅၆၀၃.၂၇ | ၅၆၀၇.၃၆ | ၅၅၄၀.၈၆ | ၀.၀၇ | ၁.၂၀ |
| ၂၃ | ရွှေထည်ပစ္စည်း | ၁၅ပဲရည် | ကျပ်သား | ၁၂၃၄၆၂၃.၁၉ | ၁၂၂၇၂၇၃.၃၁ | ၁၁၁၉၆၅၀.၄၄ | -၀.၆၀ | ၉.၆၁ |
| ၂၄ | ထင်း | | ပိဿာ | ၃၈၄.၂၉ | ၃၈၄.၂၉ | ၃၇၀.၃၅ | ၀.၀၀ | ၃.၇၆ |
| ၂၅ | မီးသွေး | | ။ | ၇၀၆.၂၂ | ၇၀၆.၂၂ | ၆၉၅.၆၃ | ၀.၀၀ | ၁.၅၂ |
| ၂၆ | ဖယောင်းတိုင် | ၃၂-တိုင် | ထုပ် | ၄၅၅.၃၅ | ၄၅၆.၄၉ | ၄၅၀.၀၀ | ၀.၂၅ | ၁.၄၄ |
| ၂၇ | ဘတ်စ်ကားခ | မြို့တွင်း | - | ၁၂၈၄.၉၇ | ၁၂၈၄.၉၇ | ၁၁၁၀.၅၃ | ၀.၀၀ | ၁၅.၇၁ |
| ၂၈ | ဒီဇယ်ဆီ | | ဂါလန် | ၂၇၀၄.၇၇ | ၂၇၁၈.၈၇ | ၄၄၉၁.၄၉ | ၀.၅၂ | -၃၉.၄၇ |
| ၂၉ | ဓာတ်ဆီ | | ဂါလန် | ၂၅၈၃.၅၄ | ၂၆၀၈.၉၅ | ၄၂၃၅.၃၆ | ၀.၉၈ | -၃၈.၄၀ |

## ဇယား(၄)တစ်နိုင်ငံလုံး၏စားသုံးသူဈေးဆန္နန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ |
| စားသုံးသူဈေးဆန္နန်း (CPI) | ၁၆၁.၂၆ | ၁၆၁.၇၂ | ၁၆၁.၃၃ | ၁၆၁.၂၉ | ၁၆၀.၀၆ | ၁၆၀.၀၀ | ၁၆၀.၁၂ | ၁၆၀.၉၈ | ၁၆၁.၁၄ | ၁၆၂.၀၅ | ၁၆၃.၁၀ | ၁၆၃.၀၀ | ၁၆၂.၈၂ |
| စားသုံးသူဈေးဆန္နန်း (Core CPI) | ၁၄၀.၃၈ | ၁၄၁.၂၂ | ၁၄၂.၀၇ | ၁၄၂.၉၇ | ၁၄၂.၈၂ | ၁၄၂.၉၂ | ၁၄၃.၈၇ | ၁၄၄.၉၀ | ၁၄၅.၀၁ | ၁၄၅.၄၈ | ၁၄၅.၇၁ | ၁၄၅.၆၄ | ၁၄၅.၅၀ |

## ဇယား(၅)တစ်နိုင်ငံလုံး၏ငွေကြေးဖောင်းပွမှုနှုန်းပုံပြကားချပ်




| အကြောင်းအရာ | ၂၀၁၉ ခုနှစ် | | ၂၀၂၀ ပြည့်နှစ် | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | နိုဝင်ဘာ | ဒီဇင်ဘာ | ဇန်နဝါရီ | ဖေဖော်ဝါရီ | မတ် | ဧပြီ | မေ | ဇွန် | ဇူလိုင် | ဩဂုတ် | စက်တင်ဘာ | အောက်တိုဘာ | နိုဝင်ဘာ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Year on Year Inflation) | ၈.၂၆ | ၉.၄၅ | ၉.၀၉ | ၈.၃၆ | ၆.၆၁ | ၅.၂၄ | ၄.၂၁ | ၄.၁၆ | ၁.၇၀ | ၁.၈၄ | ၂.၀၃ | ၁.၅၀ | ၀.၉၇ |
| နှစ်အလိုက်ငွေကြေး ဖောင်းပွမှုနှုန်း (Core Inflation) | ၁၃.၂၅ | ၁၃.၂၆ | ၁၃.၄၈ | ၁၃.၆၀ | ၁၃.၂၀ | ၁၂.၉၁ | ၁၃.၀၁ | ၁၃.၃၇ | ၅.၄၂ | ၅.၂၃ | ၄.၇၄ | ၄.၂၂ | ၃.၆၅ |